ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

...ကုန်အနောက်ပိုင်းခရိုင်တရားရုံး

...၁ ခုနှစ် တရားမကြီးမှုအမှတ် ၉၆၂

မြန်မာကျုံယွှမ်အဖွဲ့ကုမ္ပဏီလီမိတက်
(၎င်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေး
အရာရှိအဖွဲ့ဝင်များ)
၁။ ဦးကျော်ညွှန့်
၂။ ဦးမောင်မောင်သန်း
၃။ ဦးမြင့်တင်
၄။ ဦးမောင်ဖေတင်
၅။ ဦးဘအေး
၆။ ဦးအမ်အိုင်မဒါး
(စာရင်းရှင်းလင်းဖျက်သိမ်းရေး
အရာရှိအဖွဲ့ဝင်များကိုယ်စား
ဦးကျော်ညွှန့်)

(တရားလိုများ)

နှင့်

၁။ ဒေါ်သီတာ(ကွယ်လွန်သူဒေါက်တာ
အောင်ခင်၏တရားဝင်ကိုယ်စားလှယ်)
၂။ ဦးမြင့်ဆွေ
၃။ ဒေါ်ခင်သူဇာဦး
၄။ ဦးတင်ရွှေ
၅။ ဒေါ်ခင်မာဇင်
၆။ ဒေါ်ကလျာဆွေ
၇။ ဒေါ်ရှိစီစန်းမောင်
၈။ ဦးဉာဏ်လင်းကျော်
၉။ ဒေါက်တာနေလင်းအောင်
၁၀။ ဦးထွန်းလင်းကျော်
( ၇ မှ ၁၀ ထိ ကွယ်လွန်သူ
ဦးထွန်းအောင်ကျော်၏ တရားဝင်
ကိုယ်စားလှယ်များ)
၁၁။ ဦးဝင်းကို
၁၂။ ဦးထွန်းညို
၁၃။ အုပ်ချုပ်သူ၊ ပရိုင်းကော်မာရှယ်
ဘဏ်လီမိတက်၊ ဗဟိုဘဏ်၊ရန်ကုန်မြို့

(တရားပြိုင်များ)

| | |
|---|---|
| တရားလိုများအတွက် | - ဦးလှသိန်း ၊ အထက်တန်းရှေ့နေ ။ |
| တရားပြိုင်(၁)အတွက် | - ဦးစိန်လှ ၊ တရားလွှတ်တော်ရှေ့နေ။ |
| တရားပြိုင်(၂)(၃)(၆)(၁၂)(၁၃)အတွက် | - ကိုယ်တိုင် (မလာ) ။ |
| တရားပြိုင်(၄)(၅)(၇)(၈)(၉)(၁၀)(၁၁)အတွက် | - ဒေါ်ချိုချိုဝင်း ၊ တရားလွှတ်တော်ရှေ့နေ ။ |

## စီ ရင် ချက်

ရက်စွဲ။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်။

မြန်မာကျုံယွှမ်(အဖွဲ့)ကုမ္ပဏီလီမိတက် (၎င်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့)ကိုယ်စား ဦးကျော်ညွှန့်က ဒေါက်တာအောင်ခင်၊ ဦးမြင့်ဆွေ၊ ဒေါ်ခင်သူဇာဦး၊ ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဒေါ်ကလျာဆွေ၊ ဦးထွန်းအောင်ကျော်၊ ဦးဝင်းကို၊ ဦးထွန်းညို နှင့် အုပ်ချုပ်သူ ပရိုင်းကော်မာရှယ် ဘဏ်လီမိတက်တို့အပေါ် အစုရှယ်ယာရောင်းချခြင်းသည် ဥပဒေနှင့်မညီ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုနှင့် ငွေကျပ် (၁၁၂၅)သိန်း ရလိုမှုကို စွဲဆိုသည်။

ဆိုလွှာတွင် တရားလို မြန်မာကျုံယွှမ်(အဖွဲ့)ကုမ္ပဏီလီမိတက် (၎င်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့)က မြန်မာကျုံယွှမ်(အဖွဲ့)ကုမ္ပဏီလီမိတက်ကို ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၅၃/၉၈၏ ၁၃. ၃. ၉၈ ရက်စွဲပါအမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရန်

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အမိန့်ချမှတ်ခဲ့ကြောင်း၊ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးကိစ္စကို စာရင်းရှင်းလင်းရေးအရာရှိ (၈)ဦးဖြင့် လက်ရှိတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ တရားပြိုင်များသည် STRATEGIC YANGON INVESTMENT CO.,LTD (SYI)ကုမ္ပဏီလီမိတက်နှင့် YANGON ECONOMIC CORPORATION (YEC)တွင် အစုရှယ်ယာထည့်ဝင်ထားသူများဖြစ်ပြီး အုပ်ချုပ်ခွင့်ရှိသူများဖြစ်ကြောင်း၊ မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်နှင့် တရားပြိုင်များသည် (၃. ၉. ၉၆)နှင့် (၂. ၁၀. ၉၆) နေ့များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စာချုပ်များချုပ်ဆိုခဲ့ကြောင်း၊ ယင်းစာချုပ်များအရ ပရိုင်းကော်မာရှယ်ဘဏ်၏အစုရှယ်ယာအားလုံးတန်ဖိုး (၁၁၂၅)သိန်း၏ ၇၅. ၅၁%ဖြစ်သော အစုရှယ်ယာတန်ဖိုး (၈၅၀)သိန်းကို ရောင်းချရန်သဘောတူညီခဲ့ကြောင်း၊ မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်သည် ငွေကျပ် (၈၂၅)သိန်းကို တရားပြိုင်များသို့ ပေးခဲ့ပြီးဖြစ်ကြောင်း၊ အထက်ပါသဘောတူညီချက်များနှင့် ဆက်နွယ်၍ (၁၈. ၆. ၉၆)နေ့တွင် ဦးထွန်းညိုထံသို့ ငွေကျပ်သိန်း (၂၀၀) ပေးခဲ့သဖြင့် စုစုပေါင်းကျပ် (၁၀၂၅)သိန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တရားပြိုင်များကလည်းအစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ်များကို လက်မှတ်ရေးထိုးလွှဲပြောင်းပေးခဲ့ကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်သည် မိမိ၏မတည်ငွေရင်း၏ ၁၅%ထက်ပိုသော အစုရှယ်ယာကိုလွှဲပြောင်းရောင်းချခြင်းသည် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၁၈(ဂ) ကို ဖောက်ဖျက်ရာရောက်သဖြင့် ဗဟိုဘဏ်က ကန့်သတ်မိန့်ထုတ်ပြီး အုပ်ချုပ်သူခန့်ထား၍ စီမံခန့်ခွဲခဲ့ကြောင်း၊ မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းအရေးအရာရှိများပြုစုခဲ့သော (STATEMENT OF AFFAIRS)အရ ငွေကျပ် (၁၀၂၅)သိန်းကို တရားပြိုင်များထံမှ ရရန်စာရင်းပေါ်ပေါက်ခဲ့ကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်၏ ၁၅%ထက်ပိုသောရှယ်ယာများကို ရောင်းချခြင်းသည် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၁၈(ဂ)နှင့် ငြိစွန်းသဖြင့် မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်နှင့် တရားပြိုင်များရှယ်ယာအရောင်းအဝယ်ပြုလုပ်ရန်ချုပ်ဆိုခဲ့သောသဘောတူညီချက်များ၊ ရှယ်ယာလွှဲပြောင်းစာချုပ်များသည် ဥပဒေနှင့်မညီ ပျက်ပြယ်လျက်ရှိကြောင်း၊ တရားလိုက တရားပြိုင်များထံမှ ရယူသွားခဲ့သည့်ငွေများကို ပြန်လည်ပေးအပ်ရန် (၂. ၈. ၂၀၀၀)ရက်စွဲပါအကြောင်းကြားစာကို ပေးပို့ခဲ့ရာ (၂၈. ၈. ၂၀၀၀)နှင့် (၁၂. ၅. ၂၀၀၁)ရက်စွဲပါစာများဖြင့် အစုရှယ်ယာ လွှဲပြောင်းရောင်းချခြင်းသည် တရားဝင်ကြောင်းဖြင့် ပြန်ကြားလာခဲ့ကြောင်း၊ မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်သို့ တရားပြိုင်များက ပရိုင်းကော်မာရှယ်ဘဏ်လီမိတက်၏ရှယ်ယာများကို ရောင်းချခြင်းသည် ဥပဒေနှင့်မညီ ပျက်ပြယ်ကြောင်းနှင့် ယင်းစာချုပ်အရ ပေးငွေ (၁၀၂၅)သိန်းကို ရထိုက်ကြောင်းဖြင့် အက်(စ်)ဝိုင်အိုင် နှင့် ဝိုင်အီးစီကုမ္ပဏီ၏အုပ်ချုပ်ခွင့်ရှိသူတစ်ဦးခြင်းအား ပုဂ္ဂိုလ်ရေးတာဝန်ရှိသူများအဖြစ် တရားစွဲဆို ခြင်းဖြစ်ကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်ကို တရားရုံးအမိန့်အရ တရားပြိုင်အဖြစ်ထည့်သွင်း တရားစွဲဆိုခြင်းဖြစ်ကြောင်းဖြင့် အဆိုပြုဖော်ပြထားသည်။

ဒေါက်တာအောင်ခင်က ချေလွှာတင်သွင်းရာတွင် ၎င်းသည် (ဝိုင်အီးစီ)ကုမ္ပဏီနှင့် ပတ်သတ်ခြင်း မရှိကြောင်း (အက်စ်ဝိုင်အိုင်)ကုမ္ပဏီသည် ဦးထွန်းညို၏သား မစ္စတာရှမ်ရှူဒင်းတည်ထောင်သည့်ကုမ္ပဏီဖြစ်ပြီး ၎င်းအတွက် အမည်ခံရှယ်ယာထည့်ဝင်ပေးပြီး အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ (အက်စ်ဝိုင်အိုင်)ကုမ္ပဏီသည် တရားဝင်ရပ်တည်လျက်ရှိသောကုမ္ပဏီဖြစ်ကြောင်း၊ ၎င်းသည် (၃. ၉. ၉၆)နှင့်(၂. ၁၀. ၉၆)စာချုပ်တွင် ပါဝင်ဆောင်ရွက်ခြင်းလက်မှတ်ရေးထိုးခဲ့ရခြင်းမရှိကြောင်း၊ (၃. ၉. ၉၆) ရက်စွဲပါ အစည်းအဝေးတွင် ၎င်းကို အစည်းအဝေးတက်ရောက်သူ

စာဝန်ခံမိတ္တူမှန်

အခွင့်ရအာရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အမြဲမ်းဖော်ပြထားသော်လည်း ၎င်းကိုအသိမပေးဘဲ ထောင်ကျနေသည့်ကုမ္ပဏီတည်ထောင်သူ မစ္စတာရှမ်ရှုဒင်းနှင့် ဖခင် ဦးထွန်းညိုတို့ ပြုလုပ်ခဲ့သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက် (၂)ပါ စကားရပ်များအရလည်း အစုရှယ်ယာ (၉၂၅၀)ကို ဦးဝင်းကိုမှ အက်စ်ဝိုင်အိုင်ကုမ္ပဏီကိုယ်စားပြုရောင်းချခွင့်မရှိကြောင်း၊ ၂. ၁၀. ၉၆ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်စာမျက်နှာ (၅) အပိုဒ် ၂၊ အပိုဒ်ခွဲ ၆ တွင် အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက ဦးထွန်းညိုမှ တာဝန်ယူဖြေရှင်းရန် ဖော်ပြထားကြောင်း၊ ၃. ၉. ၉၆ နှင့် ၂. ၁၀. ၉၆ ရက်စွဲပါ စာချုပ်များသည် တရားမဝင်သော စာချုပ်များသာဖြစ်ကြောင်း၊ ၎င်းမှာ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိကြောင်း၊ မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်သို့ ရောင်းချရန်သဘောတူညီခဲ့ခြင်းမရှိကြောင်း၊ ဦးထွန်းညိုနှင့် မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက် ဥက္ကဌ၊ အုပ်ချုပ်သူဒါရိုက်တာ ဦးကျော်မြင့်တို့လက်သိပ်ထိုးဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ စာချုပ်များသည် ပျက်ပြယ်သောစာချုပ်များဖြစ်ကြောင်း၊ တရားလိုမှဝန်ခံထားသဖြင့် ပျက်ပြယ်သောစာချုပ်ကို တရားရုံးတော်တွင် တရားဥပဒေအရ ဆောင်ရွက်ခြင်း (NOT ENFORCEABLE BY LAW) မပြုနိုင်သဖြင့် ပျက်ပြယ်သည့်စာချုပ်ဖြစ်ကြောင်း တရားရုံးကအဆုံးအဖြတ်ပြုရန်မလိုကြောင်း၊ သို့ဖြစ်၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက် ကြောင်း၊ အစုရှယ်ယာလွှဲပြောင်းရောင်းချခြင်းသည် တရားဝင်ကြောင်း၊ ၎င်းမှ ၁၂. ၅. ၂၀၀၁ ရက်စွဲပါ အကြောင်းပြန်ကြားစာတွင် ဖော်ပြခဲ့ခြင်းမရှိဘဲ လွဲမှားဖော်ပြခြင်းဖြစ်ကြောင်း၊ အဆိုလွှာတွင် တရားလို၏ အားကိုးအားထားပြုသော စာရွက်စာတမ်းစာရင်းအစဉ် (၄၃)ဖြစ်သော ၁. ၁၁. ၉၆ ရက်စွဲပါ (LETTER OF UNDERSTANDING)တွင် ဦးထွန်းညိုမှလည်းကောင်း၊ ၂၁. ၁၁. ၉၆ ရက်စွဲပါ မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်ဥက္ကဌ ဦးကျော်မြင့်မှလည်းကောင်း ရှယ်ယာဝယ်ခြင်းတွင် ပြဿနာပေါ်ပေါက်ပါက ၎င်းတို့မှအစအဆုံးတာဝန်ယူပြီး ပြေလည်သည်အထိ ဖြေရှင်းမည်ဟုဝန်ခံထားကြောင်း၊ ၎င်းအပေါ် ပုဂ္ဂိုလ်ရေးအရ တရားစွဲဆိုခွင့်မရှိကြောင်း၊ တရားလိုများစွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း၊ တရားလို၏အဆိုလွှာကို ပလပ်ရန်ဖြစ်ကြောင်းဖြင့် ချေပထားသည်။

တရားပြိုင် ဦးမြင့်ဆွေ၊ ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဦးထွန်းအောင်ကျော်၊ ဦးဝင်းကို တို့က ချေလွှာတင်သွင်းရာတွင် (အက်စ်ဝိုင်အိုင်)နှင့် (ဝိုင်အီးစီ)ကုမ္ပဏီများသည် ဦးထွန်းညို၏သား စောရန်နိုင်(ခ)ရှမ်ရှုဒင်းတည်ထောင်သောကုမ္ပဏီဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ငွေကြေးထည့်ဝင်ရခြင်းမရှိကြောင်း၊ တရားဝင်ရပ်တည်လျက်ရှိသောကုမ္ပဏီများမဟုတ်တော့သဖြင့် ၎င်းတို့တွင် တာဝန်မရှိကြောင်း၊ (၃. ၉. ၉၆)နှင့်(၂. ၁၀. ၉၆)ရက်စွဲပါစာချုပ်များသည် မြန်မာကျုံယွမ်၏ တာဝန်ရှိသူ ဦးကျော်မြင့်နှင့် ဦးထွန်းညိုတို့နှစ်ဦးသဘောတူဆောင်ရွက်ကြခြင်းသာဖြစ်ကြောင်း၊ ၎င်းတို့သည် ဦးထွန်းညိုနှင့် ၎င်း၏သား စောရန်နိုင်(ခ)ရှန်ရှုဒင်းတို့စီစဉ်လုပ်ဆောင်မှုတွင် အမည်ခံသဘောရပ်တည်ခဲ့ရသူများဖြစ်ပြီးအကျိုးခံစားခွင့်မရှိခဲ့ကြောင်း၊ ငွေကျပ် (၉၂၅)သိန်းကို တရားပြိုင်များသို့ ပေးခဲ့သည်ဆိုခြင်းကို လုံးဝငြင်းဆိုကြောင်း၊ ငွေကျပ်သိန်း (၂၀၀)မှာလည်း ဦးထွန်းညိုနှင့် သက်ဆိုင်သည့်ကိစ္စသာဖြစ်ကြောင်း၊ ၎င်းတို့မှ လက်မှတ်ရေးထိုးပြီး ရှယ်ယာများလွှဲပြောင်းပေးခဲ့သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ၂၈. ၈. ၂၀၀၁ ရက်စွဲပါ ရှေ့နေကြီးဦးဆယ်မောင်၏ပြန်စာသည် ဦးထွန်းညို၏တာဝန်လွှဲအပ်ချက်အရ အကြောင်းပြန်ကြားခဲ့ခြင်းသာဖြစ်ကြောင်းမှာ အဆိုလွှာအရ ပေါ်ပေါက်ထင်ရှားကြောင်း၊ မလေးရှားရောက် ဦးထွန်းညိုမှ ၎င်း၏ရှေ့နေကြီး ဦးဆယ်မောင်ထံ ပေးပို့သော (၂၁. ၃. ၂၀၀၁)

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ရက်စွဲပါ ကျမ်းကျိန်လွှာတွင် ရှယ်ယာအရောင်းအဝယ်ကိစ္စသည် ဦးကျော်မြင့်နှင့် ၎င်းတို့စီစဉ်ဆောင်ရွက်သည့်ကိစ္စဖြစ်ပြီး ငွေပေးငွေယူကိစ္စ ပြီးပြတ်သွားပြီးဖြစ်သည်ဟု ပါရှိကြောင်း၊ ယခုကိစ္စသည် ဦးကျော်မြင့်နှင့် ဦးထွန်းညိုတို့ ဖြေရှင်းရမည့်ကိစ္စဖြစ်ကြောင်း၊ ဦးကျော်မြင့်ကို တရားပြိုင်အဖြစ် ထည့်သွင်းတရားမစွဲဆိုခြင်းမှာ မှားယွင်းနေကြောင်း၊ ရှယ်ယာအရောင်းအဝယ်ကိစ္စသည် ဥပဒေနှင့်မညီ ပျက်ပြယ်ကြောင်း ဝန်ခံထားပြီးဖြစ်၍ တရားလိုအနေဖြင့် အစုရှယ်ယာရောင်းချခြင်းသည် ဥပဒေနှင့်မညီ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုရန်မလိုအပ်သည်မှာ ထင်ရှား ကြောင်း၊ (၂၈. ၈. ၂၀၀၁)နှင့်(၁၂. ၅. ၂၀၀၁)နေ့စွဲပါ တရားပြိုင်များ၏ နို့တစ်ပြန်စာတွင် “အစု ရှယ်ယာရောင်းချခြင်းကို တရားဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း” ဖော်ပြပြန်ကြားထားခြင်းမရှိ၍ ရုံးတော်သို့ မမှန်တင်ပြထားခြင်းမျိုးဖြစ်ကြောင်း၊ လိမ်လည်တင်ပြတရားစွဲဆိုထားခြင်းဖြစ်၍ အမှုကို ပယ်ရန်ဖြစ်ကြောင်း၊ တရားပြိုင်များကို တစ်ဦးချင်းစီဖော်ပြတရားစွဲဆိုခြင်းမဟုတ်သဖြင့် အစုရှယ်ယာဝင်အဖြစ် အသိအမှတ်ပြု၍ လူပုဂ္ဂိုလ်အမည်ဖြင့် တရားစွဲဆိုထားခြင်းသည် အမှုစွဲဆိုပုံမှားယွင်းနေကြောင်း၊ ကုမ္ပဏီအချင်းချင်းဖြစ်သည့်ကိစ္စကို လူတစ်ဦးချင်းစီအပေါ် တရားစွဲဆိုခြင်းဖြစ်၍ အမှုကို ဤပုံစံဖြင့် စွဲဆိုခွင့်မရှိကြောင်း၊ ပျက်ပြယ်နေသောစာချုပ်အပေါ် အခြေခံ၍ သက်သာခွင့်တောင်းခွင့်မရှိကြောင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တောင်းဆိုသောသက်သာခွင့်ကို မပေးသင့်ကြောင်း၊ ဥပဒေနှင့်မညီညွတ်သောအကြောင်းအရာများကို အခြေပြု၍ တရားစွဲဆိုတောင်းခံထားခြင်းဖြစ်၍ အမှုမှာ ရပ်တည်ခွင့်မရှိသဖြင့် ပလပ်●ပးရန် ချေပထားသည်။

ပရိုင်းကော်မာရှယ်ဘဏ်အုပ်ချုပ်သူက ချေလွှာတင်သွင်းရာတွင် ၎င်းသည် ပြည်ထောင်စုမြန်မာနိုင်ငံဗဟိုဘဏ်၏အုပ်ချုပ်သူဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ အရ နို့တစ်စာ မပေးဘဲ တရားစွဲဆိုခွင့်မရှိကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်လီမိတက်ကို ကုမ္ပဏီများဥပဒေအရ တရားရုံးအမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခွင့်ရရန်လျှောက်ထားပြီးဖြစ်၍ ကုမ္ပဏီများအက်ဥပဒေအရ ဆောင်ရွက်ရန်ဖြစ်ကြောင်း အမှုကိုလည်း ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိကြောင်းဖြင့် ချေပသည်။

နှစ်ဘက်သောအဆိုအချေများအရ ရုံးတော်မှ အောက်ပါငြင်းချက်များကို ထုတ်နုတ်ခဲ့သည်။

၁။ ၃. ၉. ၉၆ နှင့် ၂. ၁၀. ၉၆ ရက်စွဲပါ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးစာချုပ်များအရ တရားပြိုင် (၁)မှ(၉)ထိ တို့သည် ပရိုင်းကော်မာရှယ်ဘဏ်၏ အစုရှယ်ယာအားလုံး၏ ၇၅. ၅၁%ဖြစ်သော အစုရှယ်ယာတန်ဖိုးငွေကျပ် (၉၂၅)သိန်းကို ပိုင်ဆိုင်သည်ဆိုပြီး တရားလိုသို့ ရောင်းချရန်သဘောတူခဲ့သည်ဆိုခြင်းမှာ မှန်သလား။

၂။ အဆိုပါအကျိုးတူပူးပေါင်းဆောင်ရွက်ရေးစာချုပ်များအရ တရားလိုက တရားပြိုင် (၁)မှ(၉)ထိသို့ ငွေကျပ် (၉၂၅)သိန်းကိုလည်းကောင်း၊ သဘောတူညီချက်များနှင့် ဆက်နွယ်၍ တရားပြိုင် (၉)သို့ ကျပ်သိန်း (၂၀၀)ကို လည်းကောင်းပေးခဲ့သဖြင့် တရားပြိုင်များဘက်မှ အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ်များကို လက်မှတ်ရေးထိုးလွှဲပြောင်းပေးခဲ့သည်ဆိုခြင်းမှာ မှန်သလား။

၃။ တရားလိုအနေဖြင့် အမှုကို ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိဆိုခြင်းမှာ မှန်သလား။

၄။ တရားလိုအနေဖြင့် တရားပြိုင်များအပေါ် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိ

အခွင့်ရ အရာရှိ

ဆိုခြင်းမှာ မှန်သလား။

၅။ တရားလိုစွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်သည်ဆိုခြင်းမှာ မှန်သလား။

၆။ တရားပြိုင် (၁၀)ဖြစ်သော ပရိုင်းကော်မာရှယ်ဘဏ်အုပ်ချုပ်သူသည် မြန်မာနိုင်ငံဗဟိုဘဏ်၏ အုပ်ချုပ်သူဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ အရ နို့တစ်စာပေးပို့ခြင်းမရှိဘဲ တရားစွဲဆိုခွင့်မရှိဆိုခြင်းမှာ မှန်သလား။

၇။ တရားလိုသည် ဂင်းတောင်းဆိုသော သက်သာခွင့်ရသင့်ပါသလား (သို့မဟုတ်) အခြားမည်သည့်သက်သာခွင့်ရသင့်ပါသလဲ။

ရန်ကုန်တိုင်းတရားရုံးက ငြင်းချက်အမှတ် (၃)(၄)(၅)(၆)တို့ကို ပဏာမငြင်းချက်များ အဖြစ်သတ်မှတ်၍ ရှေးဦးစွာကြားနာဆုံးဖြတ်ခဲ့သည်။

ရန်ကုန်တိုင်းတရားရုံးက တရားလိုများစွဲဆိုသည့်အစုရှယ်ယာရောင်းချခြင်းစာချုပ်များသည် ဥပဒေနှင့်မညီသဖြင့် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန်စွဲခွင့်မရှိကြောင်းမှာ ထင်ရှားရာ တရားလိုစွဲဆိုသည့်အမှုသည် အမှုစွဲဆိုပုံမှန်ကန်ခြင်းမရှိဆိုခြင်းမှာ မှန်ကြောင်း၊ ဥပဒေနှင့်မညီသဖြင့် ပျက်ပြယ်နေသောစာချုပ်များကို ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန်အတွက် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိ၍ အဆိုပါစာချုပ်များပျက်ပြယ်ကြောင်း သက်သေထူထောင်ပြသရန်အကြောင်းမရှိသဖြင့် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိဆိုခြင်းမှာ မှန်ကြောင်း၊ တရားလိုစွဲဆိုသည့်အမှုစွဲဆိုပုံအရ ကာလစည်းကမ်းသတ်အတွင်းကျရောက်ကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်အား တရားပြိုင် (၁၀)အဖြစ် တရားရုံးက ထည့်သွင်းခြင်းသာဖြစ်၍ တရားပြိုင် (၁၀)ဖြစ်သော ပရိုင်းကော်မာရှယ်ဘဏ်အုပ်ချုပ်သူသည် မြန်မာနိုင်ငံဗဟိုဘဏ်အုပ်ချုပ်သူဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ အရ နို့တစ်စာပေးပို့ခြင်းမရှိဘဲ တရားစွဲဆိုခွင့်မရှိဆိုခြင်းမှာ မမှန်ကြောင်း၊ တရားလိုစွဲဆိုသည့်အမှုသည် အမှုစွဲဆိုပုံမှားယွင်းနေပြီး တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိကြောင်း ထင်ရှားသည်ဟု သုံးသပ်ပြီး အမှုကို ပလပ်ခဲ့သည်။

မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်က ရန်ကုန် တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် တရားမပထမအယူခံမှု အမှတ် ၁၁၂/၂၀၀၄ အရ အယူခံဝင်ရောက်ရာ မအောင်မြင်၍ အထူးအယူခံမှုတင်သွင်းခဲ့ရာ အထူးအယူခံခုံရုံးက ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရ ဥပဒေနှင့်မညီသော သဘောတူညီချက်သည် ပျက်ပြယ်ကြောင်း၊ ဒေါ်ညွန့်သီ စီရင်ထုံး လမ်းညွှန်ချက် အရ ပျက်ပြယ်သောစာချုပ်ကို ပယ်ဖျက်ရန် မလိုသော်လည်း ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုလျှင်မူ တရားရုံးက ငြင်းပယ်ခွင့် ရှိမည်မဟုတ်ကြောင်း၊ ပျက်ပြယ်သောပဋိညာဉ်အရ အကျိုးအမြတ်ငွေကျပ် ၁၁၂၅ သိန်းကို မူလရုံးတရာလိုအနေဖြင့် ဥပဒေအရ ရရှိခွင့်ရှိပြီး ယင်းအက်ဥပဒေပုဒ်မ ၆၅ အရ ပျက်ပြယ်သောပဋိညာဉ်ဖြင့် ရရှိထားသော အကျိုးအမြတ်ကို ပြန်ပေးရန် တရားပြိုင်များတွင်လည်း တာဝန်ရှိကြောင်း၊ ဥပဒေနှင့်မညီ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုသက်သာခွင့်ကို တောင်းဆိုပြီး ငွေကျပ် ၁၁၂၅သိန်း ရလိုမှုကိုပါ သက်သာခွင့်တောင်းဆိုရာတွင် အမှုပုံစံမှားယွင်းရန်အကြောင်းမရှိသကဲ့သို့

မှန်ကန်ကြောင်း တာဝန်ခံမိတ္တူမှန် ...

အခွင့်ရ အရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဟုဆိုရန်လည်း အကြောင်းမရှိကြောင်း သုံးသပ်ပြီး တရားရုံးချုပ်နှင့်တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ကာ တိုင်းတရားရုံးသည် ကျန်ငြင်းချက်များအပေါ် ဆက်လက်စစ်ဆေးဆုံးဖြတ်ရန် ညွှန်ကြားခဲ့သည်။

သို့ဖြစ်၍ရုံးတော်အနေဖြင့် ငြင်းချက်အမှတ် ၁၊ ၂ နှင့် ၇ တို့ကို ဆက်လက်ဖြေဆိုဆုံးဖြတ်ရန်ဖြစ်သည်။

ငြင်းချက်အမှတ် ၁

တရားလို၏ရှေ့နေက သက်သေခံ (စ)နှင့်(ဆ)စာချုပ်များအရ လည်းကောင်း၊ ထိုစာချုပ်များနှင့် ပူးတွဲထားရှိသော (၃. ၉. ၁၉၉၆)ရက်စွဲပါ ကုမ္ပဏီနှစ်ဘက်တို့မှ သဘောတူဆုံးဖြတ်ခဲ့သော အစည်းအဝေးမှတ်တမ်းနှင့်ဆုံးဖြတ်ချက်များအရ လည်းကောင်း၊ SYI ကုမ္ပဏီနှင့် YEC ကုမ္ပဏီတို့၏ ဒါရိုက်တာတစ်ဦးချင်းစီက မိမိတို့၏ ပရိုင်းကော်မာရှယ်ဘဏ်တွင် ထည့်ဝင်ထားသော ကျပ်သိန်း ၉၂၅ သိန်းဖိုးရှိ အစုရှယ်ယာများကို မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းရောင်းချရန် သဘောတူညီခဲ့သည်ဟု အငြင်းမပွားပေါ်ပေါက်နေကြောင်း၊ သက်သေခံ (စ)၊ သက်သေခံ (ဆ)၊ ထိုစာချုပ် (၂)စောင်၏နောက်ဆက်တွဲ (က)နှင့် (ခ) အစည်းအဝေးမှတ်တမ်းများ၊ ငွေလက်ခံရရှိကြောင်း ချက်လက်မှတ်များ၊ သက်သေခံ (ဇ)မှ (ဇ-၁၂)ထိတို့ပါ အစုရှယ်ယာများကို တံဆိပ်ခေါင်းခွန်ထမ်းဆောင်လွှဲပြောင်း ပေးခဲ့ပြီးဖြစ်၍ ထိုသို့စာဖြင့် ရေးသားဖော်ပြချက်များနှင့် ဆန့်ကျင်သော နှုတ်သက်သေခံချက်ကို သက်သေခံအက်ဥပဒေပုဒ်မ ၉၂ အရ ရုံးတော်က သက်သေခံချက်အဖြစ် လက်မခံထိုက်ကြောင်း၊ သို့ဖြစ်၍ ငြင်းချက် (၁)နှင့်စပ်လျဉ်းပြီး တရားလိုဘက်သို့ အသာပေးဖြေဆိုပေးပါရန် လျှောက်လဲ တင်ပြသည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်

တရားပြိုင်အမှတ် (၁) ဒေါက်တာအောင်ခင်၏ရှေ့နေက ကုမ္ပဏီအချင်းချင်းဖြစ်သည့်အမှုဖြစ်၍ ကုမ္ပဏီအပေါ်တရားစွဲဆိုခြင်းမပြုဘဲတရားပြိုင်များကို ပုဂ္ဂိုလ်အနေဖြင့် တရားစွဲဆိုခြင်း၊ မည်သည့် တာဝန်ထမ်းဆောင်သဖြင့် မည်သို့တာဝန်ရှိကြောင်း ဖော်ပြမှုမရှိခြင်း၊ တရားပြိုင် (၁)သည် ငွေကြေး မည်မျှဟု စွဲဆိုတင်ပြမှုမရှိခြင်း၊ ရှယ်ယာအရောင်းအဝယ် ပြုလုပ်ကြသူများမှာ ဗိုလ်မှူးထွန်းညိုနှင့် ဦးကျော်မြင့်ဖြစ်ခြင်း၊ တရားပြိုင် (၁)သည် ငွေမည်မျှရယူထားသည်ဟု နှုတ်သက်သေခံချက်၊ စာတမ်းအမှတ်အသားသက်သေခံချက်မရှိခြင်း၊ တရားပြိုင် (၁) သည် ရှယ်ယာပိုင်ရှင်ဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်မှုမရှိခြင်း၊ ရှယ်ယာအပြောင်းအလဲ စာချုပ်၌လည်း တရားပြိုင် (၁)အား ဝယ်ယူသူနေရာတွင် ဖြည့်သွင်းခြင်းမရှိဘဲ ကြိုတင်လက်မှတ်ထိုးထားရခြင်း၊ သက်သေခံ (၁) ရှယ်ယာအရောင်းအဝယ်စာချုပ်သည် Correction ဖြင့်ဖျက်ထားကြောင်း ထင်ရှားသဖြင့် သက်သေခံအဖြစ် လက်ခံရန် မထိုက်ခြင်း၊ တရားပြိုင် (၁)သည် လခစားဝန်ထမ်းတစ်ဦးသာဖြစ်ခြင်း၊ အဆိုလွှာတွင် တရားလို ကုမ္ပဏီကိုယ်စားဟု လက်မှတ်ထိုးထားပါလျှက် မည်သည့်ကုမ္ပဏီကမျှ တရားလိုတို့အား တရားစွဲဆိုရန် SP/GP သို့မဟုတ် အမိန့် ၃၊ နည်း ၁ အရ တင်ပြမှုမရှိခြင်းတို့ကြောင့် တရားပြိုင် (၁) ဦးအောင်ခင် နှင့်စပ်လျဉ်း၍ ပေးလျော်ရန်တာဝန်လုံးဝမရှိကြောင်း တောင်းဆိုသည့်သက်သာခွင့်ကို စရိတ်နှင့် တကွ ပလပ်သင့်ကြောင်း ရေးသားတင်ပြသည်။

အခွင့်ရအရာရှိ

တရားပြိုင် (၄) (၅) (၇) (၈) (၉) (၁၀) (၁၁) ၏ ရှေ့နေက ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဦးထွန်းအောင်ကျော်တို့သည် သက်သေခံ (စ) နှင့် (ဆ)စာချုပ်များတွင် စာချုပ်ချုပ်သူအဖြစ်လည်းကောင်း၊ အသိသက်သေအဖြစ်လည်းကောင်း ပါဝင်ခြင်းမရှိ၍ အစုရှယ်ယာလွှဲပြောင်းစာချုပ်ချုပ်ဆိုခြင်းတွင် တရားပြိုင် ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဦးထွန်းအောင်ကျော်တို့သည် တာဝန်မရှိကြောင်း၊ တရားပြိုင် ဦးဝင်းကိုသည် သက်သေခံ- စ (၃. ၉. ၉၆)နှင့် သက်သေခံ- ဆ (၂. ၁၀. ၉၆) ရက်စွဲပါ စာချုပ်များတွင် လက်မှတ်ရေးထိုးထားခြင်းမှာ STRATEGIC YANGON INVESTMENT CO.,LTD ၏ ကိုယ်စား ချုပ်ဆိုခြင်းဖြစ်သဖြင့် ဦးဝင်းကိုတွင်လည်း တာဝန်မရှိကြောင်း၊ သက်သေခံ (ဆ) စာချုပ်အရ အစုရှယ်ယာပိုင်ဆိုင်သူများမှာ SYI နှင့် YEC တို့ဖြစ်ပြီး ယင်းအစုရှယ်ယာများကို SYH ၏ အမှုဆောင်ဒါရိုက်တာ ဒေါက်တာထွန်းညိုက ရောင်းချရန် ကမ်းလှမ်းခြင်းဖြစ်ကြောင်း၊ ဒေါက်တာထွန်းညိုက ငွေလက်ခံရယူထားသည်မှာ ထင်ရှားနေကြောင်း၊ ဒေါက်တာထွန်းညိုက ငွေလက်ခံရယူထားသည်မှာ ထင်ရှားနေကြောင်း၊ မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်နှင့် SYI ကုမ္ပဏီတို့အရောင်းအဝယ်ပြုခြင်းဖြစ်သည်မှာ ထင်ရှား၍ တရားပြိုင်တစ်ဦးချင်းစီအပေါ် ဒီကရီချ၍ မရကြောင်း၊ သို့ဖြစ်၍ ရုံးငြင်းချက် (၁)နှင့်စပ်လျဉ်း၍ တရားပြိုင် (၁)မှ တရားပြိုင် (၉)ထိ တို့သည် ပရိုင်းကော်မာရှယ်ဘဏ်၏ အစုရှယ်ယာ အားလုံး၏ (၇၅. ၅၁%)ဖြစ်သော အစုရှယ်ယာတန်ဖိုး ငွေကျပ် (၉၂၅)သိန်းကို ပိုင်ဆိုင်သည်ဆိုပြီး တရားလိုသို့ ရောင်းချရန် သဘောတူခဲ့သည်ဆိုခြင်းမှာ မမှန်ဟု ဖြေဆိုသင့်ကြောင်း တင်ပြသည်။

တရားလို မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်က ၃. ၉. ၉၆ နေ့စွဲပါစာချုပ်တို့နှင့်အညီ ငွေကျပ် ၉၂၅ သိန်းကို တရားပြိုင်များသို့ ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါသဘောတူညီချက်များနှင့် ဆက်နွယ်၍ ၁၈. ၆. ၉၆ နေ့တွင် တရားပြိုင် (၉) ဦးထွန်းညိုထံသို့ နောက်ထပ်သိန်း ၂၀၀ စုစုပေါင်း ငွေကျပ် ၁၁၂၅ သိန်း ပေးအပ်၍ တရားပြိုင်များဘက်ကလည်း အစုရှယ်ယာလွှဲပြောင်းစာချုပ်များကို လက်မှတ်ရေးထိုးလွှဲပြောင်းပေးခဲ့ကြောင်း၊ အဆိုပြုထားသည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကိုယ်စား ဦးကျော်ညွန့်က ရုံးရှေ့ထွက်ဆိုရာတွင် သက်သေခံ (စ)(ဆ)စာချုပ်များအရ တရားပြိုင်များက ပရိုင်းကော်မာရှယ်ဘဏ်အစုရှယ်ယာအားလုံးကျပ်သိန်း ၁၂၂၅ သိန်းမှ ၇၅. ၅၁ ရာခိုင်နှုန်းဖြစ်သော အစုရှယ်ယာတန်ဖိုးငွေ ၉၂၅ သိန်းကို ပိုင်ဆိုင်ကြောင်း၊ အဆိုပါရှယ်ယာများကို မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်သို့ မူရင်းဈေးအတိုင်း ရောင်းချရန်သဘောတူ၍ ရှယ်ယာတန်ဖိုး ၉၂၅ သိန်းကျပ်နှင့်ယင်းသဘောတူညီချက်များနှင့်ဆက်နွယ်၍ ၁၈. ၆. ၉၆ နေ့က ဦးထွန်းညိုသို့ ငွေကျပ်သိန်း ၂၀၀ စုစုပေါင်း ၁၁၂၅ သိန်းကျပ်ပေးအပ်ခဲ့ရာ တရားပြိုင်များကလည်း ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်သုံးစောင်ဖြင့် ငွေကျပ် ၉၂၅ သိန်းဖိုးရှိ အစုရှယ်ယာလွှဲပြောင်းစာချုပ်များကို ပေးအပ်လွှဲပြောင်းပေးခဲ့ကြောင်းထွက်ဆိုပြီး ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်များ သက်သေခံ ဇ မှ ဇ-၁၂ ထိ တို့ကို တင်ပြခဲ့သည်။

မူလတရားပြိုင်များဖြစ်သည့် ဒေါက်တာအောင်ခင်၊ ဦးမြင့်ဆွေ၊ ဒေါ်ခင်သူဇာဦး၊ ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဒေါ်ကလျာဆွေ၊ ဦးထွန်းအောင်ကျော်၊ ဦးဝင်းကိုတို့က တရားပြိုင် ဦးထွန်းညိုနှင့် မြန်မာကျုံယွမ်ကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌ ဦးကျော်မြင့်တို့၏ သဘောတူဆောင်ရွက်မှုများသာဖြစ်ကြောင်း၊ ၎င်းတို့မှာ ငွေကြေးထည့်ဝင်ရမှုမရှိဘဲ အမည်ခံများသာဖြစ်ပြီး၊ အကျိုးခံစားခွင့်ရှိသူများမဟုတ်ကြောင်း၊ ဦးကျော်မြင့်နှင့် ဦးထွန်းညိုတို့နှစ်ဦးဖြေရှင်းရမည့်ကိစ္စများသာဖြစ်ကြောင်း၊ ငွေကျပ်

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်

ဖွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၉၂၅ သိန်းကို ၎င်းတို့အား ပေးခဲ့ခြင်းမရှိကြောင်း ချေပခဲ့ပြီး ရုံးရှေ့တွင်လည်း တရားပြိုင် ဒေါက်တာအောင်ခင်၊ ဦးတင်ရွှေ၊ ဦးဝင်းကို တို့က အဆိုပါအချက်များကို ထွက်ဆိုအစစ်ခံခဲ့ကြသည်။

အမှုတွဲပါ သက်သေခံချက်များအရ ၃. ၉. ၁၉၉၆ နေ့တွင် မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်နှင့် STRATEGIC YANGON INVESTMENT CO.,LTD တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် နှစ်ဦးသဘောတူချုပ်ဆိုသည့်စာချုပ်သက်သေခံ စ ကို မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်၏ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်မြင့်နှင့် STRATEGIC YANGON INVESTMENT CO.,LTD မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းကိုတို့က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။ အဆိုပါစာချုပ်အပိုဒ် ၂ တွင် STRATEGIC YANGON INVESTMENT CO,LTD အတွက် ယင်းကုမ္ပဏီ ဒါရိုက်တာ ဦးဝင်းကိုက တရားဝင်ကိုယ်စားလှယ်အဖြစ် တာဝန်ယူလက်မှတ်ရေးထိုးချုပ်ဆိုသည်ဟု လည်းကောင်း၊ ယင်းစာချုပ်၏အပိုဒ် ၃ တွင် Prime Commercial Bank တွင် အစုရှယ်ယာ တန်ဖိုးငွေစုစုပေါင်းကျပ် ၁၂၂၅ သိန်း ရှိ၍ ယင်းအစုရှယ်ယာတန်ဖိုးငွေအားလုံး၏ ၇၅. ၅၁ ရာခိုင်နှုန်းဖြစ်သော ကျပ် ၉၂၅ သိန်းတန်ဖိုးရှိသောအစုရှယ်ယာများကို STRATEGIC YANGON INVESTMENT CO.,LTD က လွှဲပြောင်းရောင်းချရန်သဘောတူသည်ဟု လည်းကောင်း ဖော်ပြ ချုပ်ဆိုထားသည်။

၂. ၁၀. ၁၉၉၆ နေ့တွင် ၃. ၉. ၁၉၉၆ နေ့စွဲပါ စာချုပ်ကို အခြေခံလျက် နှစ်ဦးနှစ်ဘက်သဘောတူချုပ်ဆိုသောကတိစာချုပ် သက်သေခံ ဆ ကို ဦးကျော်မြင့်က မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်၏ ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ဦးဝင်းကိုက SYI ၏ တရားဝင်ကိုယ်စားလှယ်အဖြစ်လည်းကောင်း လက်မှတ်ရေးထိုးချုပ်ဆိုထားသည်။ အဆိုပါစာချုပ်တွင် PCB တွင်ရှိသော အစုရှယ်ယာစုစုပေါင်းတန်ဖိုးကျပ် ၁၂၂၅ သိန်း၏ ၇၅. ၅၁ ရာခိုင်နှုန်းဖြစ်သော ကျပ် ၉၂၅ သိန်းတန်ဖိုးရှိသော ရှယ်ယာများကို ရောင်းဝယ်ကြရန်သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ SYI ဒါရိုက်တာအဖွဲ့၏အစည်းအဝေး ဆုံးဖြတ်ချက်ကို နောက်ဆက်တွဲ စ အဖြစ် ပူးတွဲထားပြီး ဦးဝင်းကိုက ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ နှစ်ဘက်သဘောတူစာချုပ်ချုပ်ဆိုကြောင်း၊ ၁၀. ၉. ၉၆ နေ့တွင် အခွန်တော် တံဆိပ်ခေါင်းများကပ်ရန်အတွက် ကျသင့်ငွေ ၂၃၁၂၅၀၀ ကျပ်ကို လည်းကောင်း၊ ၁. ၁၀. ၉၆ နေ့တွင် ငွေကျပ်သိန်း ၅၀၀ ကို မျဉ်းသားချက်အမှတ် A ၁၇၇၂၉ ဖြင့် ပေးအပ်ရာ ဦးထွန်းညိုက လက်ခံရရှိကြောင်းကို လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

သက်သေခံ (စ) စာချုပ်ချုပ်ဆိုသည့် ၃. ၉. ၁၉၉၆ နေ့တွင်ပင် စုစုပေါင်းတန်ဖိုး ကျပ် ၉၂၅သိန်းဖိုးရှိသော သက်သေခံအမှတ် ဇ မှ ဇ-၁၂ ထိ ဖြစ်သော ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်များကို ရှယ်ယာရှင်များက ချုပ်ဆိုလက်မှတ်ရေးထိုးထားကြောင်း တွေ့ရသည်။ အဆိုပါ သက်သေခံ ဇ မှ ဇ-၁၂ ထိ စာချုပ်များပေါ်ရှိ လက်မှတ်များမှာ ဒေါက်တာအောင်ခင်၊ ဦးမြင့်ဆွေ၊ ဒေါ်ခင်သူဇာဦး၊ ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဒေါ်ကလျာဆွေ၊ ဦးထွန်းအောင်ကျော်၊ ဦးဝင်းကိုတို့၏ လက်မှတ်များ မဟုတ်ကြောင်း ချုပ်ဆိုသည့်နေ့မှာ ၃. ၉. ၉၆ နေ့ မဟုတ်ကြောင်း အငြင်းပွားမှုမရှိသဖြင့် ၎င်းတို့သည် သက်သေခံ (စ)(ဆ) စာချုပ်များ ချုပ်ဆိုစဉ်က ရှယ်ယာလွှဲပြောင်းပေးရန် သဘောတူညီချက်ဖြင့် သက်သေခံ ဇ မှ ဇ-၁၂ ထိ တို့ကို လက်မှတ်ရေးထိုးခဲ့သည်ဟုသာ ကောက်ယူရန်ဖြစ်ပေသည်။

တာဝန်ခံမိတ္တူမှန်ကြောင်း
တာဝန်ယူသည်။

အခွင့်ရအရာရှိ

ထို့ကြောင့် ငြင်းချက်အမှတ် (၁)အား ၃. ၉. ၉၆ နှင့် ၂. ၁၀. ၉၆ ရက်စွဲပါ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များအရ ဒေါက်တာအောင်ခင်၊ ဦးမြင့်ဆွေ၊ ဒေါ်ခင်သူဇာဦး၊ ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဒေါ်ကလျာဆွေ၊ ဦးထွန်းအောင်ကျော်၊ ဦးဝင်းကို၊ ဦးထွန်းညိုတို့သည် ပရိုင်းကော်မာရှယ်ယာအကြိုက်၏ အစုရှယ်ယာအားလုံး၏ ၇၅. ၅၁ ရာခိုင်နှုန်းဖြစ်သော အစုရှယ်ယာတန်ဖိုးငွေကျပ် ၉၂၅ သိန်းကို ပိုင်ဆိုင်သည်ဆိုပြီး တရားလိုသို့ ရောင်းချရန် သဘောတူခဲ့သည်ဆိုခြင်းမှာ မှန်ကြောင်း ဖြေဆိုလိုက်သည်။

<u>ငြင်းချက်အမှတ် ၂</u>

တရားလို၏ရှေ့နေက သက်သေ (ဇ)မှ (ဇ-၁၂)ထိ ပါ Transfer of Shares များအရ တရားပြိုင်အသီးသီးက ၎င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာများကို လွှဲပြောင်းပေးပြီး မြန်မာကျုံယွမ် (အဖွဲ့)ထံမှ ငွေကျပ် (၉၂၅)သိန်းတိတိကို ရှယ်ယာပိုင်ရှင်များက ချက်လက်မှတ်လေးစောင်ဖြင့် ရယူခဲ့ကြပြီး ဖြစ်ကြောင်း၊ အဆိုအချေအရလည်းကောင်း၊ ထွက်ဆိုချက်များအရလည်းကောင်း ငွေကျပ် (၁၁၂၅)သိန်းအနက် ပေးရန်ငွေမည်မျှကျန်ရှိပါသည်ဟု တရားပြိုင်များက တစ်စုံတစ်ရာငြင်းဆိုထားခြင်း၊ ထပ်မံတောင်းဆိုထားခြင်းမရှိကြောင်း၊ ကျပ်သိန်း (၃၀၀၀)ရမည့်အစား (၉၂၅)သိန်းကိုသာ ပေးသည်ဟု ဦးထွန်းညို၏ရှေ့နေ ဦးဆယ်မောင်၏ပြန်စာတွင် ဖော်ပြထားကြောင်း၊ တရားပြိုင် ဦးဝင်းကိုက ၎င်းတို့သည် ကျပ်သိန်း (၇၀၀)ကို ရရှိကြောင်းဝန်ခံပြီး ကျပ် (၂၀၁)သိန်းကျော်ကို မရရှိခဲ့ကြောင်း ငြင်းဆိုကြသော်လည်း ၎င်းတို့တစ်ဦးချင်းစီ ရောင်းချခဲ့သည့် ရှယ်ယာလွှဲပြောင်းမှုများအရ ၎င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာများအတွက် တရားလိုများက အဖိုးစားနားပေးအပ်ခဲ့ပြီး ဖြစ်သည်မှာ အငြင်းမပွားကြောင်း၊ SYI နှင့် PBC ကုမ္ပဏီပိုင်ရှင် ဦးထွန်းညိုမှ (၁၈. ၆. ၉၆)နေ့တွင် ကြိုတင်ငွေ ကျပ်သိန်း (၂၀၀)ကို ချက်လက်မှတ်ဖြင့် ရယူခဲ့ပြီး စာချုပ်အထူးကပ်တံဆိပ်ခေါင်းခွန် ထမ်းဆောင်သည့် (၁၀. ၉. ၉၆)နေ့တွင် ငွေ (၂၃)သိန်း (၁. ၁၀. ၉၆)နေ့တွင် ကျပ်သိန်း (၅၀၀) (၃. ၁၀. ၉၆)နေ့တွင် ကျပ်သိန်း (၂၀၀) နှင့်ကျန်ငွေကျပ် (၂၀၁)သိန်းကျော်ကို (၁၈. ၁၀. ၉၆) နေ့တို့တွင် ချက်လက်မှတ် များဖြင့် ရယူခဲ့ကြကြောင်း ပေါ်ပေါက်နေသဖြင့် ငြင်းချက် (၂)ကို တရားလိုအား အသာပေးဖြေဆို ပေးပါရန် တင်ပြသည်။

တရားပြိုင် (၁)၏ရှေ့နေက ငြင်းချက်များကို သီးခြားစီတင်ပြခြင်းမပြု ဓပေါင်းတည်း တင်ပြခဲ့သည်။

တရားပြိုင် (၄)(၅)(၇)(၈)(၉)(၁၀)(၁၁)တို့၏ရှေ့နေက စာချုပ်များမှာ ကုမ္ပဏီအချင်းချင်း ချုပ်ဆိုသောစာချုပ်ဖြစ်၍ လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် ဒီကရီချမှတ်၍မရကြောင်း၊ ကုမ္ပဏီပေါ်တွင်သာ ဒီကရီချမှတ်ရမည်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ငွေမည်၍မည်မျှကိန်းဂဏန်းကို ဖော်ပြတရားစွဲဆိုထားခြင်းမရှိကြောင်း၊ တရားပြိုင်များမှ ငွေလက်ခံရယူကြောင်းခိုင်လုံသော အထောက်အထားမပြနိုင်ကြောင်း၊ သက်သေခံ (ဆ)စာချုပ်တွင် တရားပြိုင် ဦးထွန်းညိုမှ ရယူထားသော ငွေများသည် ဦးထွန်းညိုမှ တာဝန်ရှိပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားရှိခြင်းကြောင့် ကျန်မည်သည့်တရားပြိုင်များတွင်မှ ဤအမှုနှင့်မပတ်သက်တာဝန်မရှိသည်မှာ ပေါ်လွင် ထင်ရှားလျက်ရှိကြောင်း၊ ကျန်တရားပြိုင်များမှ သက်သေခံ (ဇ)မှ(ဇ-၁၂)ထိကို ငွေကြေးတစ်ပြားတစ်ချပ်မျှ မရဘဲ ရေးထိုးပေးခြင်းဖြစ်ကြောင်း၊ သက်သေခံ (ဇ)မှ(ဇ-၁၂)ပါ ရှယ်ယာများသည် ဦးထွန်းညို၏

ငွေများဖြစ်ပြီး ဦးထွန်းညိုကသာ ပိုင်ဆိုင်ကြောင်း သက်သေခံ (စ)၊ (ဆ)စာချုပ်များတွင် အတိအလင်း ဝန်ခံထားကြောင်း၊ ရှယ်ယာအရောင်းအဝယ်ပြုလုပ်မှုနှင့်ပတ်သက်၍ ဦးထွန်းညိုက တာဝန်ယူကြောင်း စာချုပ်များတွင် ဖော်ပြထားကြောင်း၊ သို့ဖြစ်၍ ရုံးငြင်းချက် (၂)နှင့်ပတ်သက်၍ တရားပြိုင်များဘက်သို့ အသာစီးမေးဖြေဆိုသင့်ကြောင်း တင်ပြသည်။

အထက်ငြင်းချက် (၁)တွင် သုံးသပ်ခဲ့သည့်အတိုင်း သက်သေခံ (ဆ)အရ ရှယ်ယာလွှဲပြောင်းသည့်စာချုပ်တံဆိပ်ခေါင်းဖိုးငွေ ၂၃၁၂၅၀၀ ကျပ်၊ ၁. ၁၀. ၉၆ နေ့တွင် ငွေကျပ်သိန်း ၅၀၀ ကို မျဉ်းသားချက်လက်မှတ် အေ ၁၇၇၂၉ ဖြင့် တရားပြိုင်များဘက်မှ လက်ခံရရှိခဲ့ကြောင်းမှာ အငြင်းမပွားပေ။ တရားလိုစာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့၏ ကိုယ်စား ဦးကျော်ညွန့်က ရုံးရှေ့ထွက်ဆိုရာတွင် ၁၀. ၉. ၉၆ နေ့တွင် အမ်အိုင်စီဘဏ်၏ ချက်လက်မှတ်အမှတ် ၂၁၅၀၅၃ အရ ငွေကျပ် ၂၃၁၂၅၀၀ ကျပ်၊ ၁. ၁၀. ၉၆ နေ့တွင် ရိုးမဘဏ်၏ချက်လက်မှတ်အမှတ် အေ ၁၇၇၂၉ အရ ငွေကျပ် သိန်း ၅၀၀၊ ၃. ၁၀. ၉၆ နေ့တွင် မြဝတီဘဏ်၏ချက်လက်မှတ်အမှတ် အေ ၀၁၅၃၃၀ အရ ငွေကျပ် သိန်း ၂၀၀၊ ၁၈. ၁၀. ၉၆ နေ့တွင် ပရိုင်းကော်မာရှယ်ဘဏ်၏ ချက်လက်မှတ်အမှတ် အေ ၄၀၅၁၀၁ အရ ငွေကျပ် ၂၀၁၈၇၅၀၀၊ ၁၈. ၆. ၉၆ နေ့တွင် ဦးထွန်းညိုသို့ ငွေကျပ်သိန်း ၂၀၀၊ စုစုပေါင်းငွေကျပ် ၁၁၂၅သိန်း ကို ရှယ်ယာလွှဲပြောင်းခြင်းအတွက် ပေးအပ်ခဲ့ကြောင်း ထွက်ဆိုထားသည်။

တရားပြိုင်များဘက်မှ ၎င်းတို့မှာ အမည်ခံဒါရိုက်တာများဖြစ်ကြောင်း၊ ရှယ်ယာလွှဲပြောင်းခြင်းအတွက် ငွေလက်ခံရရှိခြင်းမရှိကြောင်း ချေပထွက်ဆိုထားသော်လည်း သက်သေခံ ည ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဦးဝင်းကို နှင့် ဦးထွန်းအောင်ကျော်တို့၏ လွှဲအပ်ချက်အရ ရှေ့နေ ဦးဆယ်မောင်မှ မြန်မာကျုံယွမ်အဖွဲ့၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးမြင့်စိုးထံ ပေးပို့သည့် ပြန်ကြားစာအရ လွှဲပြောင်းသည့် ရှယ်ယာ ၉၂၅၀ အတွက် ကျပ်သိန်း ၃၀၀၀ ဖြင့် အရောင်းအဝယ်ပြုရန် သဘောတူခဲ့ကြပြီး မြန်မာကျုံယွမ်အဖွဲ့မှ တန်ဖိုးငွေ ၉၂၅ သိန်းကျပ် ပေးချခဲ့သည်ဟု ကောက်ယူရန် တွေ့ရသည်။

အာမခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်

သက်သေခံ ဇ' ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဒေါ်ကလျာဆွေက မြန်မာကျုံယွမ်၏ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြင့်သို့ ကျပ်သိန်း ၁၈၀ တန်ဖိုးရှိသော ရှယ်ယာများကိုလည်းကောင်း၊ သက်သေခံ ဇ-၁ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဦးတင်ရွှေမှ ဦးကျော်မြင့်သို့ ကျပ်သိန်း ၁၈၀ တန်ဖိုးရှိသော ရှယ်ယာများကိုလည်းကောင်း၊ သက်သေခံ ဇ-၂ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ် တွင် ဒေါ်ခင်မာဇင်က ဦးကျော်မြင့်သို့ ကျပ်သိန်း ၁၈၀ တန်ဖိုးရှိသော အစုရှယ်ယာများကို လည်းကောင်း၊ သက်သေခံ ဇ-၃ အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဦးဝင်းကိုက ဦးကျော်မြင့်သို့ ကျပ် ၅၉သိန်း တန်ဖိုးရှိသော အစုရှယ်ယာများကိုလည်းကောင်း၊ သက်သေခံ ဇ-၄ အစုရှယ်ယာလွှဲပြောင်းခြင်း စာချုပ်တွင် ဒေါ်ခင်သူဇာဦးက ဦးကျော်မြင့်သို့ ၅၀၅၀၀၀၀ ကျပ် တန်ဖိုးရှိ အစုရှယ်ယာများကို လည်းကောင်း၊ သက်သေခံ ဇ-၅ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဦးထွန်းအောင်ကျော်က ဒေါ်အင်ခွန်နန်ဘောက်သို့ ၄၄ သိန်းတန်ဖိုးရှိသော အစုရှယ်ယာများကို လည်းကောင်း၊ သက်သေခံ ဇ-၆ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဒေါက်တာအောင်ခင်က ဦးကျော်မြင့်သို့ ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ရှယ်ယာများကိုလည်းကောင်း၊ သက်သေခံ ဇ-၇ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင်

အခွင့်ရအရာရှိ

ဦးမြင့်ဆွေက ဦးကျော်မြင့်သို့ ၅၀၅၀၀၀၀ တန်ဖိုးရှိရှယ်ယာများ ကို လည်းကောင်း၊ သက်သေခံ ၉-၈ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဦးထွန်းအောင်ကျော်က ဦးမောင်မောင်သန်းသို့ ကျပ် ၁၀ သိန်းတန်ဖိုးရှိ ရှယ်ယာများကိုလည်းကောင်း၊ သက်သေခံ ၉-၉ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဦးထွန်းအောင်ကျော်က ဦးမြင့်ကျော်သို့ ကျပ် ၁၀ သိန်းတန်ဖိုးရှိ ရှယ်ယာများကို လည်းကောင်း ၊ သက်သေခံ ၉-၁၀ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဦးဝင်းကိုက ဒေါ်အင်ခွန်နန်ဘောက်သို့ ကျပ် ၄၀ သိန်းတန်ဖိုးရှိ ရှယ်ယာများကိုလည်းကောင်း၊ သက်သေခံ ၉-၁၁ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဦးထွန်းအောင်ကျော်က ဦးသူရဟန်သို့ ကျပ် ၁၀ သိန်းတန်ဖိုးရှိ ရှယ်ယာများကိုလည်းကောင်း၊ သက်သေခံ ၉-၁၂ ရှယ်ယာလွှဲပြောင်းခြင်းစာချုပ်တွင် ဦးထွန်းအောင်ကျော် က ဦးစိန်လှသို့ ကျပ် ၁၀ သိန်းတန်ဖိုးရှိ ရှယ်ယာများကိုလည်းကောင်း လွှဲပြောင်းပေးကြောင်း ဖော်ပြ ချုပ်ဆိုထားသည်။

မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်မှ ပရိုင်းကော်မာရှယ်ဘဏ်၏ ရှယ်ယာများအတွက် ငွေကျပ် ၁၁၂၅ သိန်း လွှဲပြောင်းပေးခဲ့ကြောင်း ထင်ရှားပြီး ရှယ်ယာရှင်များကလည်း သက်သေခံ ၉ မှ ၉-၁၂ ဖြင့် ရှယ်ယာများကို လွှဲပြောင်းပေးသည့်စာချုပ်များချုပ်ဆိုလက်မှတ်ရေးထိုးပေးခဲ့ခြင်း မရှိကြောင်း အငြင်းမပွားသည့်အတွက် မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်က သက်သေခံ ၉ မှ ၉-၁၂ ထိ စာချုပ်များပါ ရှယ်ယာလွှဲပြောင်းပေးသူများသို့ ငွေကျပ် ၉၂၅ သိန်းနှင့် ဦးထွန်းညိုသို့ ငွေကျပ်သိန်း ၂၀၀ ပေးအပ်ခဲ့သည်ဟုသာ ကောက်ယူရန် တွေ့ရသည်။

ထို့ကြောင့် ငြင်းချက်အမှတ် ၂ အား အဆိုပါအကျိုးတူပူးပေါင်းဆောင်ရွက်ရေးစာချုပ်များ အရ တရားလိုက ဒေါက်တာအောင်ခင်၊ ဦးမြင့်ဆွေ၊ ဒေါ်ခင်သူဇာဦး၊ ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဒေါ်ကလျာဆွေ၊ ဦးထွန်းအောင်ကျော်၊ ဦးဝင်းကို၊ ဦးထွန်းညိုတို့သို့ ငွေကျပ် ၉၂၅ သိန်းကိုလည်းကောင်း သဘောတူညီချက်များနှင့် ဆက်နွယ်၍ ဦးထွန်းညိုသို့ ကျပ်သိန်း ၂၀၀ ကိုလည်းကောင်း ပေးခဲ့သဖြင့် တရားပြိုင်များဘက်မှ အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ်များကို လက်မှတ်ရေးထိုးလွှဲပြောင်းပေးခဲ့ သည်ဆိုခြင်းမှာ မှန်ကြောင်း ဖြေဆိုလိုက်သည်။

<u>ငြင်းချက်အမှတ် (၇)</u>

ငြင်းချက်အမှတ် (၁)(၂)အပေါ် အထက်ဖြေဆိုချက်များ၊ ငြင်းချက်အမှတ် ၃၊ ၄၊ ၅၊ ၆ တို့အပေါ် တရားရုံးချုပ်၏ ၂၀၀၆ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၁၂ တွင် ဖြေဆိုချက်များအရ တရားလိုသည် တောင်းဆိုသောသက်သာခွင့်ကို ရထိုက်ပေသည်။ တရားပြိုင်များမှ ပေးဆပ်ရမည့် ငွေပမာဏနှင့်စပ်လျဉ်း၍ သက်သေခံ ၉ မှ ၉-၁၂ ထိပါ အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ်အရ ပေးဆပ်စေသင့်သည်ဟု သဘောရရှိသည်။

ထို့ကြောင့် မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်သို့ မူလတရားပြိုင်များက ပရိုင်းကော်မာ ရှယ်ဘဏ်၏ အစုရှယ်ယာများရောင်းချခြင်းသည် ဥပဒေနှင့်မညီညွတ်ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပြီး အမှတ် (၁)တရားပြိုင် ဒေါ်သီတာ(ကွယ်လွန်သူ ဒေါက်တာအောင်ခင်၏ တရားဝင် ကိုယ်စားလှယ်)က ကျပ်သိန်း ၁၀၀၊ အမှတ် (၂) တရားပြိုင် ဦးမြင့်ဆွေက ၅၀၅၀၀၀၀ ကျပ်၊ အမှတ် (၃)တရားပြိုင် ဒေါ်ခင်သူဇာဦးက ၅၀၅၀၀၀၀ ကျပ်၊ အမှတ် (၄)တရားပြိုင် ဦးတင်ရွှေက ကျပ်သိန်း ၁၈၀၊ အမှတ် (၅)တရားပြိုင် ဒေါ်ခင်မာဇင်က ကျပ်သိန်း ၁၈၀၊ အမှတ် (၆)တရားပြိုင် ဒေါ်ကလျာဆွေ

စစ်မှန်ကြောင်း အချုပ်စာ
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

က ကျပ်သိန်း ၁၈၀၊ အမှတ် (၇)(၈)(၉)(၁၀)တရားပြိုင်များဖြစ်သော ဒေါ်ရိုစီစန်းမောင်၊ ဦးဥာဏ်လင်းကျော်၊ ဒေါက်တာနေလင်းအောင်၊ ဦးထွန်းလင်းကျော် (ကွယ်လွန်သူဦးထွန်းအောင်ကျော်၏ တရားဝင်ကိုယ်စားလှယ်များ)က ငွေကျပ် ၈၄ သိန်း၊ အမှတ် (၁၁) တရားပြိုင် ဦးဝင်းကိုက ငွေကျပ်သိန်း ၁၀၀၊ အမှတ် ၁၂ တရားပြိုင် ဦးထွန်းညိုက ငွေကျပ်သိန်း ၂၀၀ ကို တရားလို မြန်မာ့ကျိုက်ပွဲမ်(အဖွဲ့)ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့သို့ ကျသင့်သော တရားစရိတ်များနှင့်တကွ ပေးအပ်စေရမည်။

ရှေ့နေစရိတ် ၁၀၀၀ ကျပ်သတ်မှတ်သည်။

(ကြည်ကြည်စိန်း)
တွဲဖက်ခရိုင်တရားသူကြီး (၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

စာခုနှစ်မိတ္တူမှန်
[illegible] မှန်ကန်ကြောင်း
[illegible] ဝန်ယူသည်။

အခွင့်ရအရာရှိ
[illegible]